## ၂၀၁၇ ခုနှစ် ဧပြီလ ၂ ရက်နေ့တွင် Novotel Hotel ၌ ကျင်းပပြုလုပ်သော ၁၅ ကြိမ်မြောက် ဆရာဝန်တင်ရွှေစာပေဆုပေးပွဲ အခမ်းအနားတွင် ဆရာကြီး ဒေါက်တာခင်အေး [မောင်ခင်မင်(ဓနုဖြူ)]၏ ဆုပေးပွဲ အကဲဖြတ်ချက်

ဆရာဝန်တင်ရွှေစာပေဆုရတဲ့ စာအုပ်တစ်အုပ်ကတော့ မခင်နု(ဒဿန) ကလောင်အမည်နဲ့ ဆရာမကြီး ဒေါ်ခင်နုရဲ့ "ပုဂံဘုရား၊ ပုဂံစကား၊ ပုဂံသား" စာအုပ်ဖြစ်ပါတယ်။ ဆရာမကြီးက ပုဂံအကြောင်းရေးတဲ့ ဒီစာအုပ်ကို ဖတ်တဲ့အခါမှာ ပုဂံရာဇဝင်ဟာ တုတ်ထမ်းပြီး ပြောရမယ်ဆိုတဲ့အတိုင်းပဲ ပြဿနာ မျိုးစုံရှိတဲ့ ပုဂံအကြောင်းက အရှုပ်အရှင်းတွေနဲ့ စိတ်ဝင်စားစရာကောင်းပါတယ်။ ပညာရှင်အဆက်ဆက်က ပုဂံအကြောင်းကို စာအုပ်စာတမ်းတွေ၊ ဆောင်းပါးတွေ ရေးခဲ့ပါတယ်။

အခုရေးတဲ့ ဆရာမကြီးရဲ့ စာအုပ်ထဲမှာ ဆရာမကြီးရဲ့ စကားအရ ပြောရရင် ဒီစာအုပ်ထဲမှာ ရေးသူက ပုဂံရှိ ဗဟိဒ္ဓအလှရော၊ အဇ္ဈတ္တအလှပါမြင်အောင် တတ်နိုင်သလောက် ဖွဲ့ဆိုကြိုးစားပြထားပါတယ်။ စာတွေ့ရော၊ ကိုယ်တွေ့ရော ဒီအတွေ့အကြုံတွေလည်း ဖော်ပြထားပါတယ်။ ဒီစာအုပ်ကို ဖတ်ပြီးတဲ့အခါ စိတ်ထဲမှာ ဘယ်လိုသဘောရသလဲဆိုတော့ စာဖတ်သူက တစ်ထိုင်တည်းမှာပဲ ပုဂံနှင့်ပတ်သက်ပြီး သိစရာ၊ မှတ်စရာတွေကို အပြည့်အဝ လုံးလုံးလျားလျား ဖန်တီးထားတာပါလားလို့ စိတ်ကူးရလိုက်ပါတယ်။ ဒါကြောင့် ပုဂံအကြောင်းနဲ့ ပတ်သက်ပြီး သိချင်တာတွေကို ဒီစာအုပ်တစ်အုပ်ဖတ်ရုံနဲ့ တစ်ထိုင်တည်း သိသွားနိုင်တာဟာ ဒီစာအုပ်ရဲ့ ဂုဏ်တစ်ခုပါပဲ။

အရေးအသားကလည်း လေးလေးပင်ပင်မဟုတ်ဘဲ ဖတ်ချင်စဖွယ်ကောင်းပါတယ်။ အချက်အလက်သက်သက် အခြောက်တိုက်ပေးတာမဟုတ်ဘဲ ရသ စွက်ပြီး ရေးသားတဲ့အတွက် စိုစိုပြည်ပြည် ဖြစ်ခဲ့ပါတယ်။ အစအဆုံး ဆွဲဆောင်



သွားနိုင်တဲ့ အရေးအသားဖြစ်ပါတယ်။

ပုဂံအကြောင်းပြောလို့ရှိရင် ထုံးတမ်းစဉ်လာအရပြောတဲ့ ဦးကုလားရာဇဝင်၊ မှန်နန်းရာဇဝင် အစရှိတဲ့ ရာဇဝင်ကျမ်းတွေက ပြောခဲ့တဲ့ အဆိုအမိန့်တွေလည်း မှတ်သားရပါတယ်။ ဟိုပုဂံခေတ်က သမုဒ္ဒရာစ်မင်းကနေစပြီးတော့ ပုဂံပျက်တဲ့ အထိ မင်းအဆက်ဆက် အစဉ်အဆက်အကြောင်းတွေကို ဝတ္ထုဖတ်ရသလို၊ ဝတ္ထုရေးသလို ဖတ်ကြည့်ရင် ရှေးပုဂံမင်းတွေရဲ့ စိတ်ဝင်စားစရာအကြောင်းတွေကို ဦးကုလားရာဇဝင်၊ မှန်နန်းရာဇဝင် စတဲ့ ရာဇဝင်စာအုပ်တွေထဲမှာ နေ့နေ့ စပ်စပ် ဖတ်ချင်စဖွယ်တွေ့ခဲ့ရပါတယ်။ ဒီဘက်ခေတ်ရောက်လာတဲ့အခါမှာ ခေတ်သစ်အနေနဲ့ ခြယ်မှုန်းပြီး ရေးသားခဲ့တဲ့ လေးစားအပ်တဲ့ ဆရာကြီး ဂျီအိပ်ချ်လုစ်၊ ဆရာကြီး ဒေါက်တာသန်းထွန်းတို့၊ ဆရာကြီး ဗိုလ်မှူးဘရှင်တို့ အစရှိတဲ့ သမိုင်းပညာရှင်တွေက သုတေသနလုပ်ပြီး ဖော်ထုတ်ထားတဲ့ သုတေသနဆိုင်ရာ အချက်အလက်တွေက အလွန်တန်ဖိုးရှိတဲ့ အချက်အလက်တွေ ဖြစ်ပါတယ်။ အဲဒီတော့ ခုန ထုံးတမ်းစဉ်လာအရ ရေးထားတဲ့ ရာဇဝင်ထဲက အချက်အလက်တွေ၊ သုတေသနပညာရှင်တွေ ဖော်ထုတ်ထားတဲ့ အချက်အလက်တွေအပြင် စာရေးတဲ့ ဆရာမကြီးက ကိုယ်တွေ့ အတွေ့အကြုံတွေကို ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြထားပါတယ်။

အဲဒီတော့ ဒီစာအုပ်ထဲမှာ ပုဂံနဲ့ပတ်သက်လို့ ထုံးတမ်းစဉ်လာအကြောင်းအရာတွေလည်း ပါတယ်။ ထုံးတမ်းစဉ်လာစာအုပ်တွေကပေးတဲ့ အချက်အလက်တွေလည်း ပါတယ်။ သုတေသနအနေနဲ့ ရေးထားတဲ့ ပညာရှင်တွေရဲ့ အဆိုအမိန့်တွေလည်း ပါတယ်။ ကိုယ်တိုင် တွေ့ကြုံခံစားပြီးတော့ လေ့လာသုံးသပ်တဲ့ အချက်အလက်တွေလည်း ပါတယ်။ ထောင့်စေ့အောင် အဘက်ဘက်က ကြိုးစားထားတာကို တွေ့ရှိပါတယ်။

ကိုယ်တွေ့အတွေ့အကြုံတွေထဲမှာ ပရလောကရဲ့ ဆန်းပြားပုံတွေ ဖော်ပြထားတာတွေ၊ တစ်ချိန်တုန်းက တော်တော်လေး အသံထွက်ခဲ့တဲ့ မွေ့ရာစကာ ဘုရားက မွေ့ပါလစ်သူကြီးအကြောင်းလိုဟာမျိုး စိတ်ဝင်စားစရာကောင်းတဲ့ အကြောင်းအရာများလည်း ပါတယ်။ စာဖတ်သူအနေနဲ့ အဲဒီအချက်အလက်က ပေးထားတဲ့ အတွေ့အကြုံတွေနဲ့ ဆင်ခြင်ညှိနှိုင်းပြီးတော့ လေ့လာသုံးသပ်စရာ၊ ဆင်ခြင်စရာတွေ အများကြီးရအောင် ရေးသားထားတာဖြစ်ပါတယ်။ ဒီစာအုပ်ကို ဖတ်ကြည့်လိုက်လို့ရှိရင် ပုဂံအကြောင်းကို ဘယ်လိုလူမျိုးတွေက ဘယ်လို စာမျိုးတွေရေးခဲ့သလဲဆိုတာ တစ်ထိုင်တည်းနဲ့ သိရှိနိုင်ပါတယ်။

ဒီစာအုပ်မှာ ဆရာမကြီးက နိဒါန်းသွယ်တဲ့အနေနဲ့ လွမ်းစရာလေးတွေကို



အစပိုင်းမှာ ရေးထားတာကို တွေ့မြင်ရပါတယ်။ ဆရာမကြီးက သူ့စာအုပ်ကို ရေးပြီးတဲ့အခါ အမှာစာကို တောင်းချင်လို့ ငယ်ငယ်တုန်းက သင်ကြားပို့ချခဲ့တဲ့ ဆရာတွေကို အမှာစာရေးပေးဖို့ လိုက်ရှာခဲ့တဲ့အကြောင်း "အမှာစာရှာပုံတော်" ဆိုတဲ့ကဗျာလေးကို ရေးသားခဲ့တယ်။ ဒီကဗျာလေးဟာ တက္ကသိုလ်နဲ့ ထိစပ်ပြီးတော့ ဆရာမကြီးတို့ခေတ်ကာလတုန်းက နေခဲ့ ထိုင်ခဲ့တဲ့သူတွေ၊ ကိုယ်သင်ကြားခဲ့တဲ့ ဆရာ၊ ဆရာတွေအကြောင်း သတိရစရာဖြစ်ပါတယ်။ ဆရာမကြီးက အမှာစာလိုချင်လို့ တက္ကသိုလ်မောင်သန့်စင်လို့ ကလောင်နာမည်ပေးထားတဲ့ မြန်မာစာပါမောက္ခ ဦးအေးမောင်ကို လိုက်ရှာနေတာ၊ ဒါပေမဲ့ မရှိတော့ဘူး။ မြမ္ဗူလို ကလောင်နာမည်ရှိတဲ့ ဆရာမကြီး ဒေါ်သန်းဆွေ၊ ကျောက်စာအသင်ကောင်းတဲ့ ဆရာမကြီး ဒေါ်သန်းဆွေ။ စာသင်ရင် အင်မတန် ရယ်စရာ၊ ရွှင်စရာတွေနဲ့ ပျော်ပျော်ပါးပါးဖြစ်အောင် သင်တတ်တဲ့ ဆရာတက္ကသိုလ်မောင်မောင်ကြီး၊ နောင်အခါ သမိုင်းဘက်ကိုကြည့်တဲ့အခါကျတော့ အတန်းထဲဝင်လာလို့ရှိရင် ပခုံးပေါ်မှာ ကုတ်အင်္ကျီကလေးတင်ပြီးတော့ လက်ထဲမှာ စာအုပ်ပိုက်ထားတဲ့ ဆရာ ဒေါက်တာကျော်သက်၊ ပင်နီအင်္ကျီဝတ်တတ်တဲ့ ဆရာ ဗိုလ်မှူးဘရှင်၊ ဒီဆရာကြီးတွေလည်း မတွေ့တော့ပါဘူး။ ဆရာဇော်ဂျီတို့၊ ဆရာမင်းသုဝဏ်တို့လည်း ဘယ်ရောက်နေလဲ မသိတော့ပါဘူး။ နောက်ဆုံး မိမိ မိခင်ဌာနဖြစ်တဲ့ ဒဿနဌာနသွားတော့ တပည့်တွေကိုကြည့်ရင် ပါးချိုင့်လေးပေါ်အောင်ပြုံးပြတတ်တဲ့ ဆရာကြီး ဒေါက်တာခင်မောင်ဝင်းလည်း ရှာမတွေ့တော့ပါဘူး။ ဘယ်ဆရာတွေဆီကမှ အမှာစာမရတဲ့အတွက်ကြောင့် ဝမ်းနည်းပန်းနည်းနဲ့ ပြန်လာရပါတယ်ဆိုတဲ့အကြောင်း ရေးထားတာ။ 'အမှာစာရှာပုံတော်' ဆိုတဲ့ ခေါင်းစဉ်ကလေးနဲ့ ရှေ့က နိဒါန်းသွယ်ထားတာဟာ ဒီစာကို ဖတ်ချင်စဖွယ်ဖြစ်အောင် ရှေ့က နိဒါန်းပျိုးပေးသလို ရေးသားထားတဲ့ ဆရာမကြီးရဲ့ စိတ်ခံစားမှုကို ဖော်ပြထားခြင်းဖြစ်ပါတယ်။ ဒါလေးဟာလည်း ဒီစာအုပ်ရဲ့ ကောင်းကွက်ကလေးတစ်ကွက်ဖြစ်ပါတယ်။ ခုနတင်ပြသလို ပုဂံနဲ့ပတ်သက်လို့ ထောင့်အသီးသီးကနေ ဘက်စုံ၊ တစ်ထိုင်တည်းမှာ ကိုယ်လိုချင်တာရအောင် ဖန်တီးထားတဲ့ ဒီစာအုပ်ဟာလည်း သမိုင်းနဲ့ပတ်သက်ပြီး အထူးသဖြင့် ပုဂံနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို နှစ်သက်စရာကောင်းအောင်၊ ရသမြောက်အောင် ရေးသားထားတဲ့အတွက် ဒီစာအုပ်ကို ဆုရွေးချယ်ရေးအဖွဲ့ ဆုရစာအုပ်အဖြစ် ရွေးချယ်ခဲ့ခြင်းဖြစ်ပါကြောင်း ဆုရွေးချယ်ရေးအဖွဲ့ကိုယ်စား တင်ပြအပ်ပါတယ်။

■